ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (23-2-2005) (၄၅၁၈)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင်ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ (၂၁)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်



ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကါပါဂဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယမန်နေ့ည ၁၀နာရီ ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက မနီလာမြို့ရှိ မလာကန်ညန်နန်းတော်၌ အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆို နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ခင်မင်ရင်းနှီးစွာဆွေးနွေး



ရန်ကုန် ဖေဖော်ဝါရီ ၂၂

**ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါဂဲလ် အာရိုယိုက ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီခွဲတွင် မနီလာမြို့ရှိ မလာကန်ညန်နန်းတော်၌ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆိုသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် မလာကန်ညန်နန်းတော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကါပါဂဲလ် အာရိုယိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ✪

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကါပါဂဲလ်အာရိုယိုက မနီလာမြို့ရှိ မလာကန်ညန်နန်းတော်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၃-၂-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြို့နယ်လုံးကျွတ် သောက်သုံးရေ ရရှိရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံအတွင်းရှိ လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးသည် အဓိကဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း တို့သည် မိုးနည်းရေရှားရပ်ဝန်းများဖြစ်၍ ပူပြင်းခြောက်သွေ့သည်။ အဆိုပါဒေသများတွင် ရေရှားပါးသဖြင့် သောက်ရေ၊ သုံးရေအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရေးအစီအမံများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံ ရေထိန်းတံခါးပေါင်း ၁၇၀ နှင့် မြစ်ရေတင်စီမံကိန်းပေါင်း ၂၇၁ ခုကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်နှင့်တိုင်းတို့တွင် ၁၀ နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရေရှားပါးခက်ခဲသော ကျေးလက်ဒေသနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများအတွက် နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများကပါ တက်တက်ကြွကြွပူးပေါင်း ပါဝင်လှူဒါန်းလျက်ရှိရာ လုပ်ငန်းများ အရှိန်အဟုန်ရလျက်ရှိသည်။

သာဓကအားဖြင့် မန္တလေးတိုင်းအတွင်းမှ မြစ်သား၊ ကျောက်ဆည်၊ မြင်းခြံ၊ စဉ့်ကိုင်၊ တံတားဦး၊ မတ္တရာ၊ လယ်ဝေး၊ ဝမ်းတွင်း၊ သာစည်၊ အမရပူရနှင့် မိတ္ထီလာအပါအဝင် ၁၁ မြို့နယ်တို့၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိနေပြီဖြစ်သည်။

ယခုတစ်ဖန် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိမှုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့က အဆိုပါမြို့နယ်၌ ကျင်းပခဲ့သည်။ မိတ္ထီလာမြို့နယ်အနေဖြင့် ၁၀ နှစ် စီမံကိန်းအရ ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက တက်ညီလက်ညီ အရှိန်အဟုန်မြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# ဘန်ဒေါင်းညီလာခံ ရွှေရတုသဘင်အထိမ်းအမှတ် အာရှ–အာဖရိက ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

**ဂျကာတာ ဖေဖော်ဝါရီ ၂၁**

ဘန်ဒေါင်းညီလာခံကျင်းပမှု နှစ် (၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားများနှင့် အာရှ–အာဖရိက ထိပ်သီးညီလာခံတို့ကို အစီအစဉ် ပြုလုပ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင်အတည်ပြုပြောကြားသည်။

### ကျင်းပမည်

အာရှ–အာဖရိကထိပ်သီးဆွေးနွေးပွဲကို ဧပြီ ၂၁ ရက်မှ ဧပြီ ၂၃ ရက်အထိ အနောက်ဂျာဗားရှိ ဘန်ဒေါင်းမြို့နှင့် မြို့တော်ဂျကာတာတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူ မာတီနာတာလီဂါဝါကပြောကြားသည်။

### အထိမ်းအမှတ်

အာရှ–အာဖရိကအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ထိပ်သီးဆွေးနွေးပွဲနှင့် ဘန်ဒေါင်းညီလာခံကျင်းပမှု ရွှေရတုသဘင်အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘန်ဒေါင်းညီလာခံကို ၁၉၅၅ ခုနှစ် ဧပြီလက ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် အာရှတိုက်နှင့် အာဖရိကတိုက်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို တိုက်ကြီးနှစ်တိုက်မှ ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




# အီဒ်စ်ဆေးဝါးသစ် စမ်းသပ်မှု စတင်ပြုလုပ် ကိုယ်ခံအားစနစ် မြှင့်တင်ပေးမည့် ဆေးဝါးဖြစ်

**ရောမ ဖေဖော်ဝါရီ ၂၁**

အီတလီ သိပ္ပံပညာရှင်များသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အိဒ်စ်)ဆေးဝါးသစ် တစ်မျိုးကို လူသားဖြင့်စမ်းသပ်မှု စတင်ပြုလုပ်လျက်ရှိကြသည်။ အိဒ်စ်ရောဂါ ကုသရေးဆေးဝါးသစ်သည် အိဒ်စ်ရောဂါရှင်များနှင့် အိပ်ချ်အိုင်ဗွီပိုးရပ်ပိုး ရှိသူများအတွက် မျှော်လင့်ချက်သစ်များကို ပေးစွမ်းမည်ဖြစ်ကြောင်း သုတေသနအစီအစဉ် အကြီးအကဲ ပါမောက္ခ မေ့ရိုမိုရိုနီက ပြောကြားသည်။

### မြှင့်တင်ပေး

"ကျူကာရီဆိုးလ်"ဟု အမည်ပေးထားသော အိဒ်စ်ဆေးဝါးသစ်သည် အိဒ်စ်ဝေဒနာရှင်များ၏ ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း အိဒ်စ်ရောဂါဆိုင်ရာ ပါရဂူတစ်ဦးဖြစ်သူ မိုရိုနီက ပြောကြားသည်။

အဆိုပါဆေးဝါးသစ်သည် သိုင်းမတ်ဂလင်းက ပဋိပစ္စည်းတစ်မျိုး ထုတ်လုပ်ပေးစေရန် ထောက်ကူခြင်းဖြင့် ခုခံအားစနစ် တိုးတက်စေကြောင်း၊ ယင်းပဋိပစ္စည်းက အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုးကို တိုက်ဖျက်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### ကာကွယ်ပေး

ခေတ်ခွဲခန်း စမ်းသပ်ချက်များအရ အိဒ်စ် ဆေးဝါးသစ်ကို အသုံးပြုသော ကုထုံးသည် အိဒ်စ်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည် ဖြစ်ကြောင်း၊ "ကျူကာရီဆိုးလ်" ဆေးသည် အိဒ်စ်ရောဂါ ကုသရာတွင်သုံးသော ရီထရိုဗိုင်းရပ်တိုက်ဖျက်ရေးအုပ်စုဝင် ဆေးဝါးများ အလုပ်လုပ်ပုံနှင့် ကွဲပြားခြားနားကြောင်း၊ ရီထရိုဗိုင်းရပ် တိုက်ဖျက်ရေး ဆေးဝါးများသည် ရောဂါပိုးကူးစက်ပျံ့နှံ့မှုနှင့် ဗိုင်းရပ်သင့်ရောက်ခံရသော ကလာပ်စည်းများ ထုတ်လုပ်မှုမှ တားဆီးကာကွယ်ပေးကြောင်း ၎င်းက ပြောကြားသည်။

ယနေ့ကာလတွင် ရီထရိုဗိုင်းရပ် တိုက်ဖျက်ရေး ဆေးဝါးများ ရှိနေသော်လည်း အိပ်ချ်အိုင်ဗွီဗိုင်းရပ်ရှိသူများ၏ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးမည့် ထိရောက်သော ဆေးဝါးများ မပေါ်ပေါက်သေးကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အင်ဒိုနီးရှားနှင့်မလေးရှားတို့ လေယာဉ်ရောင်းချရေးလုပ်ငန်း ပူးတွဲဆောင်ရွက်မည်

**ဂျကာတာ ဖေဖော်ဝါရီ ၂၁**

အင်ဒိုနီးရှား လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီပီတီဒါဂန်တာရာသည်မလေးရှား ဂရုပ်တက်ကုမ္ပဏီနှင့် လေယာဉ် လုပ်ငန်းကို အတူပူးတွဲ လုပ်ဆောင်ရန် စာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားခဲ့သည်။

### ပူးတွဲရောင်းချ

ပီတီဒါဂန်တာရာအင်ဒိုနီးရှားသည် ၎င်းထုတ်လုပ်သော CN-235 ရိုးရိုး ပန်ကာတပ် လေယာဉ်များကို မလေးရှားကုမ္ပဏီနှင့် ပူးတွဲရောင်းချသွားမည်ဖြစ်သည်။ ထိုနှစ်နိုင်ငံတို့သည် အဆိုပါ လေယာဉ်ကို အစ္စလမ္မစ်ကွန်ဖရင့်အဖွဲ့ဝင်နိုင်ငံများသို့ ပူးတွဲရောင်းချကြမည်ဖြစ်သည်။

ထို့အပြင် မလေးရှား ကမ်းခြေစောင့်တပ်ဖွဲ့အတွက်လည်း အဆိုပါလေယာဉ်များကို ရောင်းချသွားမည်ဖြစ်ကြောင်း ဒါဂန်တာရာကုမ္ပဏီ၏ဥက္ကဋ္ဌ အက်ဒဝင်ဆိုဒါမို၏ ပြောကြားချက်အရ သိရသည်။

လေယာဉ်စင်းရေ မည်မျှရောင်းချသွားမည်ကို အက်ဒဝင်၏ ပြောကြားချက်တွင် ထည့်သွင်းရှင်းလင်းခဲ့ခြင်း မရှိပေ။

### အသုံးပြု

စပိန်လေယာဉ်လုပ်ငန်းနှင့် ဒါဂန်တာရာ ကုမ္ပဏီတို့သည် ကာဆာလေယာဉ်နှင့် CN-235 လေယာဉ်တို့ကို ပူးတွဲထုတ်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုလေယာဉ်များမှာ ခရီးသည် ပို့ဆောင်ရန်နှင့် စစ်ရေးလုပ်ငန်းများအတွက်ပါ အသုံးပြုနိုင်မည်ဟုဆိုသည်။

### ရောင်းချ

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ဒါဂန်တာရာ လေယာဉ်ကုမ္ပဏီသည် CN-235 လေယာဉ် များကို တောင်ကိုရီးယားနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သို့ ရောင်းချခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# နိုင်ငံခြားသား လုပ်သားများ ပိုမိုငှားရမ်းရေး မလေးရှား အစိုးရက စဉ်းစားသုံးသပ်လျက်ရှိ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁**

မလေးရှားနိုင်ငံသည် လုပ်သားအင်အား ချို့တဲ့မှုပြဿနာ လျော့နည်းသက်သာစေရန် လည်းကောင်း၊ ကုန်သွယ်ရေးကဏ္ဍပေါ်တွင် မှီခိုအားထားသည့် အမျိုးသားစီးပွားရေးကို မြှင့်တင်နိုင်စေရန် လည်းကောင်း နိုင်ငံတော်၏ စီးပွားရေး ကဏ္ဍများတွင် နိုင်ငံခြားသား လုပ်သားများ ပိုမိုပါဝင်လာစေရန် ခွင့်ပြုပေးမည် ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် နာဂျစ်ရာဇက်က စနေနေ့တွင် ပြောကြားသည်။

လောလောဆယ် ကာလတွင်မူ နိုင်ငံခြားသား လုပ်သားများသည် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အိမ်ဖော်အလုပ်တို့တွင်သာ လုပ်ကိုင်နိုင်ခွင့်ရှိသည်။

မလေးရှားအစိုးရသည် နိုင်ငံခြားသား လုပ်သားများအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ပေးရေးကိစ္စကို စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း နာဂျစ်က ပြောကြားသည်။ မလေးရှားနိုင်ငံရှိ အလုပ်ပြင်လုပ်ငန်းများ၌ပင်လျှင် နိုင်ငံခြားသားလုပ်သားများကို ငှားရမ်းပြီးလုပ်ကိုင်ရန် ခွင့်ပြုပေးလာဖွယ်ရှိကြောင်း ဒုတိယဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကားလျက် ဘာနားမားသတင်းဌာနက သတင်းထုတ်ပြန်သည်။

### တရားဝင်ခွင့်ပြု

နိုင်ငံခြားသားများကို မိမိတို့နိုင်ငံသို့လာရောက်လုပ်ကိုင်ခွင့်ပေးမည် ဖြစ်သော်လည်း တရားဝင် ခွင့်ပြုချက်များ ရယူရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေရိုက်တာ။***

# ဗြိတိသျှသံရုံးသို့ပေးပို့သော အိတ်များအတွင်း ဆေးထိုးပိုက်များ တွေ့ရှိခဲ့

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ရုရှားနိုင်ငံမော်စကိုမြို့ရှိ ဗြိတိသျှသံရုံးသို့ပေးပို့သော အိတ်များအတွင်း ဆေးထိုးပိုက်များပါရှိလာသည်ကို လုံခြုံရေးဆိုင်ရာများက တွေ့ရှိခဲ့ရကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ရဲတပ်ဖွဲ့မှလုံခြုံရေးဆိုင်ရာများက သိမ်းဆည်းရမိသောဆေးထိုးပိုက်များကို စစ်ဆေးလျက်ရှိသကဲ့သို့ နိုင်ငံခြားရေးဌာနကလည်း ယခုကိစ္စကို အထူးအလေးထားကိုင်တွယ်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ပြောကြားသည်။ ထိုဆေးထိုးပိုက်များနှင့်အတူ မည်သည့်ပစ္စည်းများ ပါလာသည် ဆိုသော အချက်ကိုမူ သူမက တစ်စုံတစ်ရာဝေဖန်ပြောကြားခြင်းမရှိပေ။ ***အမ်အင်အေရိုက်တာ။***

# မလေးရှား–စင်ကာပူ အဆင့်မြင့် အရာရှိကြီးများ ဆွေးနွေးပွဲ ပြန်လည်စတင်မည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁**

မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ အဆင့်မြင့် အရာရှိကြီးများ ဆွေးနွေးပွဲကို မတ်လ ၁ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံမှတာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားလိုက်သည်။

စင်ကာပူ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်နှင့် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီတို့သည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ဆက်ဆံရေးတိုးမြှင့်ရန်အတွက် ပထမခြေလှမ်းအဖြစ်၂၀၀၄ ခုနှစ် ဒီဇင်ဘာလလယ်တွင် နောက်ဆုံးတွေ့ဆုံခဲ့ကြသည်။

ဆွေးနွေးပွဲအသစ်ကို မတ်လ ၁ရက်တွင် ပုထရာဂျာယာ၌ ကျင်းပရန် အတည်ပြုထားပြီး ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေရိုက်တာ။***



☆ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Pablito A. Mendoza နှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Pablito A. Mendoza နှင့် သံရုံးတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**လိုက်ပါ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။(သတင်းစဉ်)



**ကြိုဆိုနှုတ်ဆက်**

**ဖေဖော်ဝါရီ ၂၂ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့ ညစ်ခံပွဲအခမ်းအနားသို့တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး စစ်သံမှူး Colonel Victor S. Timoshkov နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

**ဖြည့်စွက်ဆွေးနွေး**

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်က ဖြည့်စွက်ဆွေးနွေးသည်။ ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၁)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် **ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**
(သတင်းစဉ်)

# ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် **ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရုဆလမ် နိုင်ငံခြားရေးဝန်ကြီး မင်းသား ဟာဂျီမိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**
(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၃-၂-၂၀၀၅(ဗုဒ္ဓဟူးနေ့)
## ၁၃၆၆ ခုနှစ်၊တပို့တွဲလပြည့်(ဥပုသ်နေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ။ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ နဂါးရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let' Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ မြန်မာစာ၊မြန်မာစကား
- ၆:၀၀ ၉။ **"ချစ်လွန်းလို့" (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၆:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၂၀ ၁၁။ Discovery
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့်ဩဝါဒ ဝါတိမောက်အခါတော်နေ့ တရားတော်**
- ၇:၃၅ ၁၅။ ဥယျာဉ်တောင်ရွာ၏ ရွှင်ကြည်မနော်အလှူတော်
- ၇:၄၅ ၁၆။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

# မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကလပ်(၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ရောက်ရှိ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံမှာကြား မျိုးချစ်အာဇာနည်ပုဂ္ဂိုလ် ဟိုဆေးရီဇာယ်အထိမ်းအမှတ်ကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချအလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ်အာရိုယိုရဲ့ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးအဖြစ် သွားရောက်ရန် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့သည်။**

## ခေတ္တရပ်နား

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့အသွားတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး ခေတ္တရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟိုချီမင်းမြို့ တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယ အကြီးအကဲ မစ္စတာ ဟွေခမ်ဟစ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုးနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟွေခမ်ဟစ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရင်းနှီးခင်မင်စွာ နှုတ်ဆက်စကား ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ကြရာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ဗီလာမိုးလေတပ်စခန်းသို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟွေခမ်ဟစ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)



## ဂုဏ်ပြုတပ်ဖွဲ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖိလစ်ပိုင် လေတပ်မတော်မှ Commanding General Lt. Gen. Jose L. Reyes နှင့်အတူဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုကြိုဆိုခြင်းကို ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုက်ကယ်တီ၊ဒီဖန်ဆာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိဘီအေ၊ ဂိုမက်စ်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟွေခမ်ဟစ်က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ထွန်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာနအကြီးအကဲ မစ္စတာဟိုဆေး ဇိုင်အီးဒီတို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်လေယာဉ်ပေါ်မှဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ်အား ဖိလစ်ပိုင် အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းကုံးပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အယ်လ်ဘတ်တို ရိုမြူလိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ပြီး သံအမတ်ကြီး ဦးတင်ထွန်း၏ ဇနီး ဒေါ်နန်းဖောင်းနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် မနီလာမြို့ရှိ The Westin Philippine Plaza Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မနီလာမြို့ရှိ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့သွားရောက်ကြရာ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ မနီလာမြို့ရှိ အာရှဖွံ့ဖြိုးရေးဘဏ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများအား ကျန်းမာရွှင်လန်းစွာ တွေ့ဆုံရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✧



**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဗီလာမိုးလေတပ်စခန်း၌ ဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုကြိုဆိုစဉ်။** (သတင်းစဉ်)



# ညီညီညွတ်ညွတ်

**မိမိတို့အနေဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ ဦးဆောင်မှုအောက်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ညီညီညွတ်ညွတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိ။**



**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင် သမ္မတနိုင်ငံ မနီလာမြို့ ဗီလာမိုးလေတပ်စခန်း၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအယ်လ်ဘတ် တိုရိုမြူလိုက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ လူနီတာဥယျာဉ်ရှိ ဖိလစ်ပိုင်မျိုးချစ် အာဇာနည်ပုဂ္ဂိုလ် ဟိုဆေးရီဇာယ်အထိမ်းအမှတ် ကျောက်တိုင်၌ လွမ်းသူ့ ပန်းခွေချစဉ်။** (သတင်းစဉ်)

✧ စာမျက်နှာ ၄ မှ

မိမိတို့အနေဖြင့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုအောက်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ညီညီညွတ်ညွတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်နှင့် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ မိမိတို့သည် နိုင်ငံတော်အတွက် ဦးထမ်းပွဲထမ်း တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ကြကြောင်း၊ သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံတော်က အားထားရသူများဖြစ်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးက ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် တွဲဖက်ထားသည့် ဖိလစ်ပိုင် သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုက်ကယ်တီ၊ ဒီဖန်ဆာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိဘီအေ၊ ဂိုမက်စ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ခေတ္တတည်းခိုသည့် မနီလာမြို့ The Westin Philippine Plaza Hotel မှ လူနီတာဥယျာဉ်သို့ ရောက်ရှိရာ မနီလာမြို့တော်ဝန် မစ္စတာဟိုဆေးအေ တီအန်ဇာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သည် လူနီတာဥယျာဉ်ရှိ ဖိလစ်ပိုင် မျိုးချစ် အာဇာနည်ပုဂ္ဂိုလ် ဟိုဆေး ရီဇာယ် အထိမ်းအမှတ်ကျောက်တိုင်၌ လွမ်းသူ့ ပန်းခွေချ၍ အလေးပြုသည်။

(သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ဖိလစ်ပိုင် သမ္မတနိုင်ငံ မနီလာမြို့ ဗီလာမိုး လေတပ်စခန်း၌ မြန်မာအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြိုဆိုစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဗီလာမိုးလေတပ်စခန်းသို့ ရောက်ရှိရာ ဖိလစ်ပိုင် အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းကုံး ပေးအပ်ကြိုဆိုစဉ်။** (သတင်းစဉ်)



## တွေ့ဆုံမှာကြား

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံး ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

# မဇ္ဈိမဒေသရှိ ဗုဒ္ဓ၏ သံဝေဇနီယလေးဌာန

မောင်မောင်သန်း(ကော့မှူး)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် စနေနေ့ နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်း ပိုင်အထူးလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ ဗုဒ္ဓ၏ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးကြွရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်တွင် စာရေးသူလိုက်ပါ၍ တာဝန်ထမ်းဆောင်ခွင့် ရခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သံဝေဇနီယ လေးဌာနသည် နီပေါနိုင်ငံရှိ လုမ္ဗိနီနှင့် အိန္ဒိယသမ္မတနိုင်ငံရှိ ဗုဒ္ဓဂယာ၊ ဗာရာဏသီရှိမိဂဒါဝုန်၊ ကုသိနာရုံဒေသတို့တွင် ရှိသည်။

ဤမြို့၊ ဤအရပ်၊ ဤဒေသတို့သည် မြတ်စွာဘုရား ပွင့်တော်မူရာဖြစ်လေသည်။

မြတ်စွာဘုရား၏ သံဝေဇနီယလေးဌာနကို ကိုယ်တိုင် ရောက်ခဲ့၊ ဖူးခဲ့ရပါသောကြောင့် ဝမ်းမြောက် ကြည်နူးသော စိတ်စေတနာသဒ္ဓါတရားဖြင့် ဗုဒ္ဓဘာသာဝင်များ မဇ္ဈိမ ဒေသရှိ ဗုဒ္ဓဂယာကို ဘုရားဖူးသွားရောက်ရသည့်အလား ပီတိသောမနဿများဖြင့် ကြည်ညိုနိုင်စေရန် တင်ပြခြင်း ဖြစ်ပေသည်။

ဆရာတော်ကြီးများအား ပင့်ဆောင်လာသည့် အထူး လေယာဉ်သည် အိန္ဒိယသမ္မတနိုင်ငံ ဘီဟာပြည်နယ် ဂယာ လေဆိပ်သို့ ရောက်ရှိလာရာ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီးဒေါ်မာမာရိုန်နှင့် တာဝန်ရှိသူများက မြတ်စွာဘုရား၏ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးကြွရောက်တော်မူလာကြ သည့် ဆရာတော်ကြီးများအား ဖူးမြော်ကြိုဆိုကြသည်။

ဒီဇင်ဘာလ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ် အချိန်ဖြစ်သည်။ နှင်းများကျနေဆဲဖြစ်၍ နေရောင်မမြင်ရသေးပါ။

ဂယာလေဆိပ်မှ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ကြွရောက်တော်မူစဉ် မော်တော်ယာဉ်ပေါ်တွင် အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူး အဖွဲ့မှ ဦးအောင်သန်း၏ ဇနီး ဒေါ်သဇင်မြင့်အောင်က ဗုဒ္ဓဂယာဒေသ ပတ်ဝန်းကျင် အခြေအနေများနှင့် စပ်လျဉ်း၍ အခြေအနေများကို ဆရာတော်ကြီးများအား မမေ့နိုင်မပန်းနိုင် ရှင်းလင်းလျှောက်ထားရင်းဖြင့် ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက်သို့ ရောက်ရှိလာသည်။

ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒနှင့် သံဃာတော်များက ဆရာတော်ကြီးများအား ဖူးမြော်ကြိုဆိုကြသည်။ ဗုဒ္ဓဂယာ ဆိုသည်မှာ အိန္ဒိယသမ္မတနိုင်ငံ ဘီဟာပြည်နယ် ဂယာမြို့ အနီးရှိ မြတ်စွာဘုရားပွင့်တော်မူရာ (အောင်မြေ)ပရဝဏ် နေရာကို ဗုဒ္ဓဂယာဟု ခေါ်ဆိုခြင်းဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင်ဆရာ တော်ကြီးများ၏ သံဝေဇနီယ လေးဌာနဘုရားဖူးခရီးစဉ် အစအဆုံးကို ကုသိနာရုံမြန်မာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရနှင့် သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီးဒေါ်မာမာရိုန်တို့က လိုက်ပါပို့ဆောင် ကြပါသည်။

ဆရာတော်ကြီးများသည် ဗုဒ္ဓဂယာ မြန်မာကျောင်း တိုက်တွင် ခေတ္တအနားယူပြီး မြတ်စွာဘုရားပွင့်တော်မူရာ ပရဝဏ်ဖြစ်သည့် မဟာဗောဓိစေတီတော်သို့ မော်တော်ယာဉ် ဖြင့် ကြွရောက်တော်မူကြသည်။

မြတ်စွာဘုရားအောင်မြေ မဟာဗောဓိစေတီတော် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်၊ ဗောဓိပင်ရှေ့ရှိကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော် မူသည်။ အဝိဇဟိတဌာနဖြစ်သော မြတ်စွာဘုရားသဗ္ဗညုတ ဉာဏ်ကိုရရှိတော်မူခဲ့သည့် အပရာဇိတရွှေပလ္လင်နှင့်ဗောဓိပင်၊ အနိမိသစေတီ၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေအိမ်၊ အဇပါလနိဂြောဓ်ဆိတ်ကျောင်းညောင်ပင်၊ မုစလိန္ဒာအိုင်၊ ရာဇာယတနတို့ကို ဖူးမြော်၍ မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ၊ ပဋ္ဌာန်းတော်များကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။

ယင်းအောင်မြင်နေရာသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးမြတ်ဆုံးဖြစ်သည်။ ဤဘဒ္ဒကပ်ကမ္ဘာ၌ ပွင့်တော်မူ ခဲ့သည့် ဘုရားလေးဆူဖြစ်သော ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမ မြတ်စွာဘုရားတို့သည် ဤအောင်မြေနေရာတွင်သာ ပွင့် တော်မူခဲ့ကြသကဲ့သို့ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားသည်လည်း ဤအောင်မြေ၊ ဤဗောဓိပင် နှင့် ရွှေပလ္လင်တွင်ပွင့်တော်မူဦးမည်ဖြစ်ကြောင်း ဂေါတမ မြတ်စွာဘုရားက ဗျာဒိတ်ပေးတော်မူခဲ့သည်။

မြန်မာနိုင်ငံဥက္ကလာပမှ တဖုဿနှင့်ဘလ္လိက လှည်း ကုန်သည်ညီနောင်တို့သည် ဂေါတမမြတ်စွာဘုရားထံသို့



**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ - အဖွဲ့ဝင် ဆရာတော်ကြီးများ မြတ်စွာဘုရား၏ သပိတ်တော် ဌာပနာ ထားသည့် ကေဆရိယာ ရှေးဟောင်းစေတီတော်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

ရောက်ရှိလာပြီး လင်းလွန်းပင်အရင်း၌ ဦးဦးဖျားဖျား ဆွမ်းလှူဒါန်းကြရ၏။ ထိုအချိန် အခါက တဖုဿနှင့်ဘလ္လိက တို့သည် မြတ်စွာဘုရားထံမှ သရဏဂုံနှစ်ပါးသာ ခံယူခဲ့ရ သည်။ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိတို့ဖြစ်သည်။ ရဟန်းသံဃာမပေါ်ပေါက် သေးသဖြင့် သံဃံသရဏံဂစ္ဆာမိ မရရှိခဲ့ပေ။ ယင်းအချိန်က မြတ်စွာဘုရားချီးမြှင့်တော်မူ လိုက်သည့် ဆံတော်များကို မြန်မာ နိုင်ငံသို့ ပင့်ဆောင်လာပြီး ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံ မြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်တော်တို့နှင့်အတူ ရွှေတိဂုံစေတီတော်တွင် ဌာပနာ ခဲ့သည့်အတွက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ဟု ခေါ်ဆိုကြပေသည်။

**ယင်းမဟာဗောဓိစေတီတော်ပရဝဏ်တွင် ဘုရားဖူးများ ကို အများအပြားတွေ့ရသည်။ လူမျိုးစုံ၊ နိုင်ငံစုံဖြစ်သည်။ အသွေးအရောင်ကွဲပြားကြသည်။ ပြောဆိုသည့် စကားလည်း မတူပေ။ သို့သော် တူညီမှုတစ်ခုတော့ရှိသည်။ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကြသူများပင်ဖြစ်ကြသည်။ စာရေးသူတို့ ရောက်ရှိချိန်တွင် တိဘက်လူမျိုး ဗုဒ္ဓဘာသာဝင်များ ၃၀၀၀၀ခန့် ဘုရားဖူးလာရောက်သည့်အချိန်နှင့် တိုက်ဆိုင် နေသည်။ မြတ်စွာဘုရား၏ သံဝေဇနီယလေးဌာနသို့ ရောက်ရှိဖူးမြော်ရပါက "အပါယ်တံခါး ပိတ်သည်" ဟူသော ယုံကြည်ချက်ဖြင့် သံသရာခရီးသည်များ အလုအယက် သူ့ထက်ငါ လာနေကြသည်။ လာနေကြဦးမည်ဖြစ်သည်။**

ဆက်လက်၍ ဆရာတော်ကြီးများသည် နေရဉ္ဇရာမြစ် အရှေ့ဘက်ကမ်းသို့ မော်တော်ယာဉ်ဖြင့် တံတားပေါ်မှ ဖြတ်ကူးကာ သုဇာတာသူဌေးသမီးအိမ်နေရာတွင် သုဇာတာ ယနာ နို့ဆွမ်းလှူဒါန်းသည့်နေရာကို သွားရောက်ကြည့်ရှု ကြသည်။

နေရဉ္ဇရာမြစ်အား ဒေသခံများက "ဖလဂူမြစ်"ဟု ခေါ်ကြသည်။ တောင်မှမြောက်သို့စီးဆင်း၏။ အလယ်၌ သောင်ထွန်းနေသည်။ အရှေ့အနောက် မိုင်ဝက်ခန့်ကျယ် သည်။ မိုးရာသီတွင်ရေအပြည့်ရှိပြီး ဆောင်းနှင့် နွေရာသီတွင် ခြေကျင်းဝတ်ခန့်သာရေရှိသည်။ မြစ်ပြင်တွင် ရွှံ့နွံမရှိပါ။ သဲပြင်ကြီးသာဖြစ်သည်။ နေရဉ္ဇရာမြစ်သည် ဂယာမြစ်အနီး ရောက်သောအခါ မိုဟာနီမြစ်နှင့် ပေါင်းဆုံ၍ ဂင်္ဂါမြစ်အတွင်း စီးဝင်သည်။

ထို့နောက် ဆရာတော်ကြီးများသည် ဗုဒ္ဓဂယာမြန်မာ ကျောင်းတွင် တစ်ညတာကျိန်းစက်တော်မူကာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၆ နာရီ၌ ဗုဒ္ဓဂယာမှ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဗာရာဏသီမြို့သို့ မော်တော်ယာဉ်များဖြင့် ကြွရောက်တော် မူသည်။

လမ်းခရီးဝဲယာတွင် ထန်းပင်၊ ထန်းတောများကို တွေ့ရသည်။ စာရေးသူတို့၏ အမိမြန်မာနိုင်ငံ ပုဂံ၊ ညောင်ဦး စသည့် အညာဒေသနှင့် ခပ်ဆင်ဆင်တူသည်။ နှင်းမှုန်များ ထဲ၌ ပန်းဂျုံများကို ပန်းခင်းကြီးအလား တွေ့မြင်နေရသည်။ ထို့အပြင် လယ်ကွင်းများ၊ ပဲခင်းများနှင့် ကြံခင်းများကိုလည်း တွေ့ရသည်။

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းဖြစ် မော်တော်ယာဉ်အကြီး၊ အလတ်၊ အသေးများကို ပုံစံအမျိုးမျိုးတွေ့ရသည်။ များသော အားဖြင့် ဓာတ်ငွေ့အိုးတပ်ဆင်ထားသော မော်တော်ယာဉ်များ ကို တွေ့ရသည်။

ဟိုက်ဝေးကားလမ်းမကြီးများနှင့် တံတားကြီးများကို ဦးစားပေးပြုပြင်နေပြီး ကားလမ်းကြီးများသည် ကွန်ကရစ် လမ်းများဖြစ်ကြသည်။ စာရေးသူတို့ လိုက်ပါလာသော မော်တော်ယာဉ်များသည် ဗုဒ္ဓဂယာမှ ဗာရာဏသီသို့ ထွက်ခွာ လာရာလမ်းတစ်လျှောက် သြရင်္ဂဘတ်၊ ဒေဟီအွန်ဆွန်၊ ဆဆရမ်နှင့် မိုအနီးယားတို့ကို ဖြတ်ကျော်ခဲ့ရသည်။ သုံးမိုင် ခန့်ကျယ်သည့် ဂင်္ဂါမြစ်ကိုဖြတ်၍ ဆောက်လုပ်ထားသော တံတားကြီးကိုလည်း ဖြတ်သန်းခဲ့ရသည်။ ၎င်းတံတားကြီး နှင့်ယှဉ်လျက် သုံးမိုင်ခန့်ရှည်၍ ဂင်္ဂါမြစ်ကို ဖြတ်ဆောက်ထား သော ရထားလမ်းတံတားကိုလည်း မြင်တွေ့ခဲ့ရသည်။

ဗာရာဏသီမိဂဒါဝုန် မြန်မာကျောင်းတိုက်သို့ ညနေ ၄ နာရီအချိန် ရောက်ရှိရာ မိဂဒါဝုန် မြန်မာကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇနှင့် သံဃာတော်များက ဆရာတော်ကြီးများအား ဖူးမြော်ကြိုဆို ကြလေသည်။

ယင်းနောက် ဆရာတော်ကြီးများသည် သမင်တို့အား ဘေးမဲ့ပေးထားရာ မိဂဒါဝုန်ဥယျာဉ်သို့ မော်တော်ယာဉ် များဖြင့် ကြွရောက်ခဲ့ကြသည်။ ၎င်းဥယျာဉ်သည် ဘုရား ဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ကို ဟောတော်မူရာနေရာဖြစ်သည်။

ထိုဌာနတွင် ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေ ကဇာတင်တော်မူပြီး ဓမ္မစကြာသုတ်တော်များနှင့် ပဋ္ဌာန်း တော်များ၊ ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူ ကြသည်။ ထို့နောက် မြတ်စွာဘုရား ပထမဝါဆိုသည့် မူလဂန္ဓကုဋိဝိဟာရကို လှည့်ပတ်ကြည့်ရှု၍ အနတ္တလက္ခဏ သုတ်တော် ဟောကြားတော် မူခဲ့သည့် ဓမ္မေခစေတီတော်ကို ဖူးမြော်ကာ အနတ္တလက္ခဏသုတ်တော်ကို ရွတ်ပွားပူဇော်ကြ သည်။ ယင်းနောက် မိဂဒါဝုန်အတွင်း လှည့်လည်ကြည့်ရှု ကြပြီး မူလဂန္ဓဓာတ်တော်တိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားသည့် ဗုဒ္ဓရုပ်ပွားတော်တို့ ကို ဖူးမြော်ကာ မိဂဒါဝုန်မြန်မာကျောင်း၌ တစ်ညတာ ကျိန်းစက်အနားယူကြသည်။

ဒီဇင်ဘာ ၂၀ ရက် နံနက် ၆နာရီတွင် အိန္ဒိယသမ္မတ နိုင်ငံမှ နီပေါနိုင်ငံသို့ မော်တော်ယာဉ်များဖြင့် ဆက်လက် ကြွရောက်တော်မူကြသည်။

အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့၏ နယ်စပ်ဂိတ်ဖြစ်သော နောင်တာန၀ ဆိုနောလီသို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိ ကြသည်။ နယ်စပ်ဖြတ်ကျော်ခွင့်ပြုလုပ်၍ လုမ္ဗိနီမြန်မာ ရွှေကျောင်းသို့ ကြွရောက်ရာ နီပေါနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်မြင့် မြင့်အုန်းနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ဖူးမြော်ကြိုဆိုကြသည်။

ဒီဇင်ဘာ၂၁ရက်နံနက်၅နာရီတွင်လုမ္ဗိနီမြန်မာရွှေကျောင်း ပရဝဏ်ရှိ လောကမဏိစူဠာစေတီတော်အား ဘုရားအနေ ကဇာတင်တော်မူ၍ဘုရားအလောင်းတော်မွေးဖွားရာ လုမ္ဗိနီ အင်ကြင်းဥယျာဉ်သို့ ကြွရောက်ကြသည်။ လုမ္ဗိနီဥယျာဉ် အတွင်း မြတ်စွာဘုရားအလောင်းတော် မွေးဖွားသန့်စင်သည့် နေရာကိုမှတ်သားထားသည့် အသောကမင်းကြီးစိုက်ထူခဲ့သော ကျောက်စာတိုင်ကိုတွေ့ရသည်။ ထိုကျောက်တိုင်ပေါ်၌ စာငါးကြောင်းရေးထိုးထားပြီး စာအဓိပ္ပာယ်မှာ ဒေဝါနံပိယ တိဿမင်းကြီးသည် နန်းစံအနှစ် ၂၀ တွင် ဤဒေသသို့ ဘုရားဖူး ရောက်ခဲ့သည်။ ဘုရားအလောင်းတော် မွေးဖွားရာ ဌာနအဖြစ် အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူခဲ့သည်။ လုမ္ဗိနီရွာကို အခွန်တော်လွတ်ငြိမ်းခွင့် ပြုလိုက်သည်ဟု ရေးထားသည်။

ထိုကျောက်တိုင်ပေါ်ရှိ အက္ခရာများမှာ ဗြဟ္မီအက္ခရာ ဖြစ်သည်။ အသောကမင်းကြီးသည် အိန္ဒိယနိုင်ငံ အနောက် ပိုင်း၌ ကျောက်စာများကိုခရောဋ္ဌီအက္ခရာဖြင့် ရေးထိုးခဲ့သည်။

ယင်းကျောက်တိုင်အနီးတွင် အဆောက်အအုံတစ်ခု ရှိသည်။ ဘုရားအလောင်းတော် ဖွားမြင်ရာနေရာဖြစ်သည်။ ထိုနေရာ၌ ဆရာတော်ကြီးများသည် ပထမဗုဒ္ဓဝစန ဒေသနာတော်ဖြင့် ပူဇော်ကြသည်။ ဘုရားအလောင်းတော် ဖွားမြင်ရာ အဆောက်အအုံနှင့် အသောကကျောက်တိုင် အနီး၌ ဘုရားအလောင်းတော် ဖွားမြင်တော်မူပြီးလျှင် ပြီးချင်း မြောက်အရပ်သို့ ခြေခုနစ်လှမ်း ကြွသွားသည့် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီငယ်အုတ်ခုံ များကို တွေ့ရသည်။

ဘုရားအလောင်းတော်မွေးဖွားသည့်အခါ ကောင်းကင်မှ ရေပူရေအေးနှစ်သွယ် စီးဆင်းလာပြီးမယ်တော်နှင့် သားတော် ကို ရေသပ္ပာယ် သန့်ရှင်းစင်ကြယ် နွေးထွေးစေခဲ့သည်။ ထိုရေများ စီးဆင်းကျလာသည့်အတွက် ရေကန်ငယ်တစ်ခု ဖြစ်၍ ကျန်ရစ်ခဲ့သည်ဟုဆိုသည်။ ယင်းရေကန်သည် ဘုရားအလောင်းတော် မွေးဖွားရာ အဆောက်အအုံ၏ တောင်ဘက်တွင်တည်ရှိသည်။

ဆရာတော်ကြီးများသည် နီပေါနိုင်ငံ မြန်မာရွှေကျောင်း မှ မွန်းတည့် ၁၂ နာရီခန့်တွင် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ် ပြည်နယ် ကုရှိနာဂါရ်ရွာငယ်ရှိ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာကုသိနာရုံသို့ မော်တော်ယာဉ်များဖြင့် ကြွရောက် တော်မူခဲ့ကြသည်။ ကုသိနာရုံ မြန်မာကျောင်းတိုက်သို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိကြသည်။

ဆရာတော်ကြီးများနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံသံအမတ်ကြီးတို့အား ကုသိနာရုံ မြန်မာကျောင်းတိုက် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ကျောင်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံများက ရိုးရာဝလေ့ အတီးအမှုတ်များ၊အကအခုန်များ၊ ပန်းများ၊ အမွှေးနံ့သာများ ကြဲဖြန့်၍ ကြိုဆိုကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် ကုသိနာရုံ မြန်မာကျောင်းတိုက်အနီးရှိ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူရာနေရာ အထိမ်းအမှတ်စေတီတော်နှင့် ယင်း စေတီတော်အတွင်းရှိ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော် မူသည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။ မေတ္တာသုတ်တော်အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော် များနှင့် ပစ္ဆိမဗုဒ္ဓဝစနဒေသနာတရားတော်ကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဒီဇင်ဘာ ၂၂ ရက် နံနက် ၅ နာရီတွင် ကုသိနာရုံမြန်မာ ကျောင်းတိုက်ပရဝဏ်ရှိ မဟာသုခံဒဒစေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး မြတ်စွာဘုရားကို တေဇော ဓာတ်လောင်ကျွမ်းသည့်နေရာ အထိမ်းအမှတ် အင်္ဂါရစေတီကို လည်းကောင်း၊ နောက်ဆုံး ရေသပ္ပာယ်တော်မူရာနေရာကို လည်းကောင်း ကြွရောက်ကြည်ညိုကြသည်။

ယင်းနောက် ဘီဟာပြည်နယ်၏ မြို့တော်ပတ္တနားမြို့ရှိ ဝေသာလီပြည်သို့ ရောက်ရှိပြီး သာသနာနှစ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ်မြို့တော်၌ အသောကမင်းတရားကြီး အထောက် အပံ့ဖြင့် ရဟန္တာ ၁၀၀၀ တို့ တတိယ သင်္ဂါယနာတင်ပွဲ ကျင်းပရာ အထိမ်းအမှတ်နေရာနှင့် မြတ်စွာဘုရား၏ သပိတ်တော်ဌာပနာထားသည့် ကေဆရိယာရှေးဟောင်း စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒီဇင်ဘာ ၂၃ ရက် နံနက် ၆ နာရီတွင် ပတ္တနား မြန်မာကျောင်းတိုက်မှ နာလန္ဒာသို့ မော်တော် ယာဉ်များဖြင့် ကြွရောက်တော်မူခဲ့ကြသည်။ ပတ္တနားနှင့် ရာဇဂြိုဟ်အကြားတွင်ရှိသည့်မြတ်စွာဘုရားလက်ထက်တော် ကနာလန္ဒာတက္ကသိုလ်(အဟောင်း)သို့ ပထမဦးဆုံးဝင်ရောက် ကြည့်ရှုလေ့လာခဲ့သည်။ နာလန္ဒာမှာ အရှင် သာရိပုတ္တရာ၏ ဖွားမြင်ရာမြို့ဖြစ်သည်။

ယင်းနောက် နာလန္ဒာပြတိုက်နှင့် နာလန္ဒာတက္ကသိုလ် (အသစ်)သို့သွားရောက်ကြည့်ရှုလေ့လာကြသည်။ တက္ကသိုလ် (အသစ်)တွင် မြန်မာနိုင်ငံမှ လာရောက်ပညာသင်ယူနေကြ သော သံဃာတော်များအား ဆရာတော်ကြီးများက သြဝါဒ ကထာမိန့်ကြားတော်မူကြသည်။

ထို့နောက် ဘီဟာပြည်နယ်အတွင်းရှိတောင်များနှင့် တောင်များ၏ အပြင်ဘက်ရှိ ရာဇဂြိုဟ်မြို့ဟောင်းနှင့်မြို့သစ် တို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုလေ့လာ၍ ပထမသင်္ဂါ ယနာတင်သည့် ဝေဘာရတောင်ခြေသို့ ကြွရောက်လေ့လာ ကြသည်။ ရတနာတိုက်၊ ဓာတ်တော်တိုက်၊ ဇီဝကသရက် ဥယျာဉ်နှင့် ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ မြတ်စွာဘုရား၏ ကျောင်းတော်ရာသို့ ကြွရောက် လေ့လာကြပြီး ပရိမိတ္တဇာလ သုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဒီဇင်ဘာ ၂၃ ရက် နံနက် ၆ နာရီတွင် ဆရာတော်ကြီး များသည် မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်ရာ လိုဏ်ဂူသို့ ကြွရောက်တော်မူ၏။ လိုဏ်ဂူအတွင်းရှိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဆရာတော်ကြီးများ သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ တော် သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီးဒေါ်မာမာရိုန်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီး ဒေါ်သီတာညွန့်တို့ လိုက်ပါ၍ ဗုဒ္ဓဂယာရှိ ဂျပန်ကမာကူရဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

# အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးတို့မှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တွေ့ဆုံညှိနှိုင်း**

တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်များက သီးခြားတင်ပြကြသည့် အကြံပြုချက်များ အနက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အားလုံး၏ သဘောထားရယူနိုင်ရန် ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်၊ ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ (၃)၊ အမှတ် (၂၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း အမှတ်စဉ် (၃၆) သင်တန်းသား၊ သင်တန်းသူများအား သြဝါဒစကား မြွက်ကြားသည့် သတင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်လှကြွယ်၊ မရွှေချစ် (လယ်ကိုင်း)၊ ကျော်ဇင်ဝင်း (ပဲခူး)၊ မောင်ထွန်းလွင် (မိုးလေဝသ)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ တင်န္တဲ့ (ထွေ/အုပ်)၊ ကိုရဲ (စိုက်ပျိုးရေး) တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ အုတ်ဖိုဝင်းကျော်၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ၊ နိုင်ငံရပ်ခြားဟာသများ စုံလင်စွာဖော်ပြပါရှိသည်။ (က-ပ)





**အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးတို့မှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

# နွားထိုးကြီးမြို့နယ်မိသားစု သံဃာတော်များနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မိသားစုများ၏ ပထမအကြိမ် သံဃာတော်များနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၃)လမ်းထောင့်ရှိ သံယုတ်ဘုန်းတော်ကြီးကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပင့်သံဃာတော် ကျောင်းထိုင်ဆရာတော် ၁၂ပါးနှင့် အသက် (၇၅) နှစ်အထက် သက်ကြီးဘိုးဘွားကိုးဦးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် သက်ကြီးဘိုးဘွားများ ကိုယ်စား ဦးစန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီး လှိုင်မြို့နယ် (၃) ရပ်ကွက် ချမ်းသာကြီးကျောင်း ဆရာတော် ဦးဃောသိတထံမှ အနုမောဒနာတရားနာယူကြသည်။ (သတင်းစဉ်)

# ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဘားအံမြို့နယ် ကော့စိန်ဘန်အထက်ကျေးရွာ၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဘားအံမြို့နယ် ကော့စိန်ဘန် အထက်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီတွင် လောကတ္ထစရိယ ဖောင်ဒေးရှင်းက လှူဒါန်းသော ရသ၊ သုတ စာအုပ် ၇၀၀ ခန့်ဖြင့် လောကတ္ထစရိယ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

**အားပေး**

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်အားပေးကြသည်။

**ဖွင့်လှစ်**

လောကတ္ထစရိယ ဖောင်ဒေးရှင်းကို သံဃာတော်များဖြင့် ဦးဆောင်ဖွဲ့စည်းထားခြင်းဖြစ်ကာ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ကရင်ပြည်နယ်တို့၌ ရသ၊ သုတစာအုပ် စာတမ်း ၇၈၀၀ ခန့်ဖြင့် ကျေးလက်စာကြည့်တိုက်များ အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ (သတင်းစဉ်)

# အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား 'အမေ့နို့ဖိုး' ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက ဖျော်ဖြေရေးအစီအစဉ်များဖြင့် စီစဉ်တင်ဆက်လျက်ရှိရာ ယမန်နေ့ည ၇ နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာ အကယ်ဒမီကျော်သူ ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီကျော်သူ၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ချိုပြုံး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုနှင့် အကယ်ဒမီ ဇော်ဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

✻ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ယင်းနောက် ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက်ဘုရားခန်းမတွင် အိန္ဒိယသမ္မတနိုင်ငံ တက္ကသိုလ်အသီးသီး၌ မြန်မာနိုင်ငံမှလာရောက်ပြီး ပညာသင်ကြားနေကြသော သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား၊ ကျောင်းသူများအား ဆရာတော်ကြီးများက ဆုံးမသြဝါဒကထာ မိန့်ကြားသည်။ ဆရာတော်ကြီးများအား အိန္ဒိယသမ္မတ နိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးတို့နှင့်သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများသည် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ မြတ်ဗုဒ္ဓ၏ သံဝေဇနိယလေးဌာနသို့ ဒီဇင်ဘာ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဘုရားဖူးကြွရောက်တော်မူပြီး ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူရာ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက် ဆရာတော်၊ ဗာရာဏသီမိဂဒါဝုန် မြန်မာကျောင်းတိုက်ဆရာတော်နှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက အိန္ဒိယနိုင်ငံ ဂယာလေဆိပ်သို့ ပို့ဆောင်ကြသည်။

ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၂ နာရီတွင် ဆရာတော်ကြီးများသည် ဂယာလေဆိပ်မှ ရန်ကုန်သို့ မြန်မာ့လေကြောင်းပိုင် အထူးလေယာဉ်ဖြင့် ကြွရောက်တော်မူရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

သံဝေဇနိယလေးဌာနဖြစ်သည့်လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က မြတ်စွာဘုရား ဖွားမြင်တော်မူရာဒေသ၊ ဘုရားဖြစ်တော်မူသည့် အောင်မြေ၊ တရားဦးဟောကြားရာ မိဂဒါဝုန်၊ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံတို့နှင့် မြတ်စွာဘုရားကိုယ်တော်တိုင် လှည့်လည်ကြွရောက်တော်မူခဲ့သည့် အရပ်ဒေသများသို့ ဖူးမြော်ခွင့်ရခဲ့ပေသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ထွန်းကားသည့် အချိန်အခါသမယတွင် လူဖြစ်ကြရသည့်အတွက် ထူးခြားသည့် ကုသိုလ်ရှင်များ ဖြစ်ကြပါသည်။ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်တန်ဖိုးထားရာ ဗုဒ္ဓဂယာဒေသတွင် သာသနာပြုတာဝန်များ ဆောင်ရွက်နေသော ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များနှင့် ဗုဒ္ဓဘာသာဝင် မြန်မာဘုရားဖူးများ၏ အထွေထွေအရေးပေါ် ဝေယျာဝစ္စများအတွက် ထောက်ပံ့လှူဒါန်းနိုင်ရန် ထာဝရအလှူရန်ပုံငွေများနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း တင်ပြလိုက်ရပါသည်။ ။


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၃၁၂၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## တွန်းအားတစ်ရပ်

ယခု ခရီးစဉ်သည် နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိနေသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ပိုမို တိုးတက် ရှင်သန်စေရန် တွန်းအားတစ်ရပ် ဖြစ်မည်ဟု ယုံကြည်။

နိုင်ငံတော်ဝန်ကြီးချုပ်
ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း



ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ်အာရိုယိုတို့ သီးသန့်တွေ့ဆုံပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်၍ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

## ပိုမိုပူးပေါင်း ဆောင်ရွက်သွားလို

မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန် ဆန္ဒရှိ၊ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကျောက်မျက်ရတနာလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားလို။

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ
မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယို

# အဆွေတော်သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်အတွက် ဖိတ်ကြား

▲ ကျောဖုံးမှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတအား မိမိနှင့်အတူ လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် မနီလာမြို့ရှိ အာဆီယံနိုင်ငံသံရုံးများမှ သံတမန်များအား နှုတ်ဆက်ပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### မလာကန်ညန်နန်းတော်

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် မလာကန်ညန်နန်းတော် အဆောက်အအုံသို့ သွားရောက်ကြရာ ကျောင်းသား၊ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မလာကန်ညန်နန်းတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

### သီးသန့်တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် မလာကန်ညန်နန်းတော် Music Room၌ ရင်းရင်းနှီးနှီး သီးသန့်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အယ်လ်ဘတ်တို ရိုမြူလို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖီဘီအေ၊ဂိုမက်စ်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် နံနက် ၁၁နာရီမိနစ် ၂၀ တွင် မလာကန်ညန်နန်းတော် Ramos Music Conference Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အယ်လ်ဘတ်တို ရိုမြူလို၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာဝမ်ဆန်းတော့စ်၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုက်ကယ် တီ၊ ဒီဖန်ဆာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမဒမ်ဆိုနီယာ စီ၊ ဘရက်ဒီ၊ ဖိလစ်ပိုင်မူးယစ်ဆေးဝါးထိန်းချုပ်ရေး အေဂျင်စီမှ ဒုတိယဝန်ကြီး မစ္စတာ အင်ဆယ်လ်မိုအာဗင်နီဒို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ် ဖီဘီအေ၊ ဂိုမက်စ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံ ဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ဒေသဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းအတွက် လှိုက်လှဲပျူငှာစွာကြိုဆို။

ချစ်ကြည်ရေးခရီးလာရောက်ခြင်းကြောင့် မြန်မာနိုင်ငံ၏ အခြေအနေများကို ပိုမိုသိရှိခွင့်ရခဲ့။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံက ဆောင်ရွက် လုပ်ကိုင်နေရသည့်အခြေအနေများကို နားလည်သဘောပေါက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ်အာရိုယိုတို့အား မလာကန်ညန်နန်းတော်၌ ဖိလစ်ပိုင် ကျောင်းသား၊ကျောင်းသူလေးများက ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိလစ်ပိုင်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံများ





## ဂုဏ်ပြုတပ်ဖွဲ့ အလေးပြု

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုတို့ မနီလာမြို့ မလာကန်ညန်နန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

## သီးသန့်တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုတို့ မလာကန်ညန် နန်းတော်၌ သီးသန့်တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုတို့ မလာကန်ညန် နန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

## ချစ်ကြည် ခိုင်မာ ဖိလစ်ပိုင်-မြန်မာ





ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုအား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ်အာရိုယိုက ဖိလစ်ပိုင်တပ်မတော်မှအရာရှိကြီးများ၊ **Executive Secretary Mr. Eduardo Ermita** နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)





✪ စာမျက်နှာ ၈ မှ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဆွေးနွေးရာတွင် မိမိနှင့်အဖွဲ့ဝင်များအား လှိုက်လှဲပျူငှာစွာ ကြိုဆိုသည့်အတွက် အဆွေတော် သမ္မတနှင့် အစိုးရအဖွဲ့ဝင်များ၊ ဖိလစ်ပိုင်ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း။

### တွန်းအားတစ်ရပ်

ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား အစဉ်အလာအရတည်ရှိနေသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုတိုးတက်ရင်သန်စေရန် တွန်းအားတစ်ရပ်ဖြစ်မည်ဟု ယုံကြည်ကြောင်း။

မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၅၆ခုနှစ်တွင် စတင်တည်ထောင်နိုင်ခဲ့ပြီး မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန် စိတ်ကောင်းစေတနာထားမှု၊ နားလည်မှုများကိုအခြေခံ၍ အစဉ်အလာ ချစ်ခင်ရင်းနှီးမှုကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ကြောင်း။

### အစဉ်အလာကောင်းများ

နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်ခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိခဲ့ပြီးဖြစ်ကြောင်း။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် မကြာခဏ လည်ပတ်ခြင်းဖြင့် ဘက်ပေါင်းစုံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ပေါ်စေသဖြင့် အဆင့်တိုင်းတွင် အပြန်အလှန်ခရီးစဉ်များ ဖြစ်မြောက်ရန် အားပေးသင့်ကြောင်း။

မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ဆက်ဆံပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်သည်နှင့်အမျှ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း။

### ကျေးဇူးတင်ရှိ

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ် နားလည်ပေးမှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ပါ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း။

မြန်မာ-ဖိလစ်ပိုင် ပူးတွဲကော်မရှင် ပထမအကြိမ် အစည်းအဝေးကို ပြီးခဲ့သည့်နှစ် ဧပြီလတွင် ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ပူးတွဲကော်မရှင် အစည်းအဝေးများကို ပုံမှန်ကျင်းပသွားခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း။

### ဖိတ်ကြား

အဆွေတော်သမ္မတကြီးအနေဖြင့် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များ၊ မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်သည့်ကိစ္စများကို ဆွေးနွေးသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုက ဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းအတွက် လှိုက်လှဲပျူငှာစွာကြိုဆိုပါကြောင်းနှင့် ယခုကဲ့သို့ ချစ်ကြည်ရေးခရီး လာရောက်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ချစ်ကြည်ရေးခရီးလာရောက်ခြင်းကြောင့် မြန်မာနိုင်ငံ၏ အခြေအနေများကို ပိုမိုသိရှိခွင့်ရခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံက ဆောင်ရွက်လုပ်ကိုင်နေရသည့်အခြေအနေများကို နားလည်သဘောပေါက်ကြောင်း။

### ပိတ်ပင်မှုများ လက်မခံ

နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ပင်မှုများ လုပ်ဆောင်နေခြင်းအပေါ် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လက်မခံပါကြောင်း၊ မြန်မာနိုင်ငံနှင့် အပြုသဘောထိတွေ့ဆက်ဆံမှုလမ်းစဉ် (Constructive Engagement)ကို ဆက်လက်ကိုင်စွဲသွားမှာဖြစ်ကြောင်း၊ ဖိလစ်ပိုင်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် မိမိတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖိလစ်ပိုင်-မြန်မာ နှစ်နိုင်ငံ ပူးတွဲကော်မရှင် ဒုတိယအကြိမ် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပသွားရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို အကြံပြုသွားမည်ဖြစ်ကြောင်း။

### ပိုမိုပူးပေါင်းဆောင်ရွက်မည်

မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့်စီးပွားရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကျောက်မျက်ရတနာလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုကြောင်းဖြင့် ဆွေးနွေးပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ မလာကာန်ညန်နန်းတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃) ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ သျှင်ပညာဇောတ၊ မောင်လေ့လာ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ ဦးစံထွန်းဖြူ၊ ကိုကိုဒွေး(လင်းယုန်ဏီ)၊ သိပ္ပံမင်းလွင်၊ မောင်ကျန်းမာ(မကြီးကုန်းကြီး)၊ကောင်းဆက်(ကြေး/မြေ)၊ နှင်းဆီနီနီ(မြန်မာစာ)၊ ဇော်မြင့်နီ(စစ်တွေတက္ကသိုလ်)၊ အောင်ကိုကို(ရန်ကုန်တက္ကသိုလ်)၊ ခင်မာဇော်(ပညာရေး)၊ နန်းအေးအေးရှိန်(လားရှိုးဒီဂရီကောလိပ်)၊ မင်းသူ့ကျော်၊ ဝတ်ရည်၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်၊ အမျိုးသားစာပေဆုရ)၊ ချစ်(မဟာသုတေသန)၊ ဒေါ်ခင်မာကြူ(ပြည်တက္ကသိုလ်)၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ လှိုင်း(ပညာရေး)တို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ၊ ပွင့်စန္ဒီ၊မြစိုးလွင်တို့၏ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ဗေဒင်၊စိုက်ပျိုးရေးမွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)




## အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအသင်းများ နိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ)ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ပြိုင်ပွဲ၏ အမျိုးသား Regu Event အုပ်စုပတ်လည် ပြိုင်ပွဲတွင် (က)အုပ်စုမှ မလေးရှားအသင်းက မြန်မာ(က)အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စင်ကာပူအသင်းက ပါကစ္စတန်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မလေးရှားအသင်းက စင်ကာပူအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး (ခ)အုပ်စုမှ မြန်မာ(ခ)အသင်းက ကိုရီးယားအသင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့် လည်းကောင်း၊ ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ(ခ)အသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ထိုင်းအသင်းက ကိုရီးယားအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

အမျိုးသမီး Regu Event ပတ်လည်ပြိုင်ပွဲတွင် ထိုင်းအသင်းက ဂျပန်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ(ခ)အသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာ(က)အသင်းက ကိုရီးယားအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ထိုင်းအသင်းက မြန်မာ(ခ) အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ(က) အသင်းက ဂျပန်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကိုရီးယားအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာ(က)အသင်းက ထိုင်းအသင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာ(ခ)အသင်းက ကိုရီးယားအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။ (သတင်းစဉ်)

## ဓမ္မဗိမာန်စာပေဆု ထုတ်ပြန်ကြေညာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော်ဦးသာသန(ဓမ္မာစရိယ၊မဟာဝိဇ္ဇာ) တည်ထောင်သော ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို ပြိုင်ပွဲခေါ်ယူခဲ့ပြီး စာပေဆုစိစစ်ရွေးချယ်ရေး အဖွဲ့က ၂၀၀၄ခုနှစ်အတွက် ဆုရပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာထားသည်။

### ပုံနှိပ်ပြီးစာပေ

ဆုရပုဂ္ဂိုလ်များမှာ ပုံနှိပ်ပြီး ဓမ္မစာပေဆုတွင် ပထမဆု ရဝေနွယ်(အင်းမ)၏ "မင်္ဂလာအတွေးများ" က ရရှိပြီး ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာစာပေဆုတွင် ပထမဆု ဦးလှမြင့်၏ "Khandha (The Aggregates) And Their Nature " က ရရှိသည်။

### တစ်သက်တာစာပေ

တစ်သက်တာ ဓမ္မစာပေဆုအဖြစ် ဦးသိန်းမောင်(သုခ)၊ ဦးအေးနိုင်(ဓမ္မာစရိယ၊ B.A)၊ ဦးလှကြိုင်(ပါရဂူ)၊ ဦးမောင်မောင်လေး(ဓမ္မာစရိယ)၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဦးလေးမြိုင်၊ ဦးမြတ်ကျော်၊ ဦးသိန်းစံ(နန္ဒာသိန်းစံ)နှင့် ဒေါက်တာ မင်းတင်မွန်တို့က ရရှိကြသည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ ပထမဆုရ ပုဂ္ဂိုလ်များအပါအဝင် ဆုရပုဂ္ဂိုလ်များအား ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော် အမှတ်(၁၅) ကြားတောရလမ်း (ရွှေတိဂုံအရှေ့ဘက်မုခ်)၌ မတ် ၁၂ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် ဓမ္မဗိမာန် အမှတ်(၆၀၆) ဒုတိယထပ် (၅)လမ်းနှင့်(၆)လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉၊၂၂၅၉၀၇ တို့သို့ အမြန်ဆက်သွယ်ကြရန်ဖြစ်သည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် **လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးတိုးလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)



❒ နိုင်ငံတော်မှ

## နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းက လည်းကောင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက် လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၅၅ ရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာ သည်။

ထို့နောက် သဘာပတိ ဦးထွန်းရင်လောက အဖွင့်အမှာစကား ပြောကြား သည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ



ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အစုအဖွဲ့သဘာပတိအဖွဲ့ ကိုယ်စား သဘာပတိအဖွဲ့ဝင် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်က အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည်ရှင်းလင်းဆွေးနွေး သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ရှင်းလင်း ဆွေးနွေးပွဲကို မွန်းလွဲ ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

## ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်နှင့် လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ ဦးယောအေးလှတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြ သည့် ကိုယ်စားလှယ်ဦးရေမှာ ၁၀၀ရာခိုင်နှုန်းရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အလှည့်ကျသဘာပတိ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည် ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြသူများကိုယ်စား မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးလှစိုးက အကြံပြုတင်ပြပြီး သဘာပတိ က နိဂုံးချုပ်အမှာစကားပြောကြားကာ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။





နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပစဉ်။ (သတင်းစဉ်)




ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပစဉ်။ (သတင်းစဉ်)

## တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင် ပြည်နယ်မှ ဦးမန်းအုံးမောင်နှင့် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ) ဦးထေးရယ် တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၀ ရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အဖွင့် အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိကိုယ်စား သဘာပတိအဖွဲ့ဝင် တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။




တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က နိဂုံးချုပ် အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီ မိနစ် ၄၀တွင် ရုပ်သိမ်းလိုက်သည်။

## တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့




တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲ ကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိ အဖြစ် ဦးကံညွှန့်ကဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဦးတင်မောင် ကျော်နှင့် ဦးကြည်တင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြ သည့် ညီလာခံကိုယ်စားလှယ် ဦးရေမှာ ၁၀၀ရာခိုင်နှုန်းရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်၊

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဦးကံညွှန့်က အဖွင့်အမှာစကားပြော ကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အလှည့်ကျသဘာပတိက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**






အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပစဉ်။ (သတင်းစဉ်)

➡ စာမျက်နှာ ၁၁ မှ

ထို့နောက် အလုပ်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

## အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးကျော်မျိုးဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးဘိုသိန်းနှင့် ဦးခင်မောင်အေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ၁၀၀ ရာခိုင်နှုန်းရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးကျော်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအဖွဲ့ဝင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးသည်။






**အသိပညာရှင်၊ အတတ်ပညာရှင်**

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပစဉ်။ (သတင်းစဉ်)



ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

## အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာသိန်းညွှန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်နှင့် ဦးလှမြင့်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်ဦးရေမှာ ၁၀၀ ရာခိုင်နှုန်းတက်ရောက်သဖြင့် ရှင်းလင်းဆွေးနွေးပွဲအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဒေါက်တာသိန်းညွှန့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။




**နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့**

**နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပစဉ်။**

(သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

## နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးမြတ်ကိုနှင့် ဒေါက်တာမြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၁၇ရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်အောင်သိမ်းက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

## အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ရှင်းလင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးစိုင်းအောင်ထွန်းကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးပေါလိုက်ခမ်းနှင့် ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်ဦးရေမှာ ၉၇ ရာခိုင်နှုန်းရှိသဖြင့် ရှင်းလင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဦးစိုင်းအောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အလှည့်ကျသဘာပတိက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ ခန်းမ(၈)၌ဆွေးနွေး**

**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## အခြေခံပန်းအလှ ပြုပြင်မှုသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင် တန်း(၂/၂၀၀၅)ကို ဖေဖော်ဝါရီ ၂၃ရက်မှ မတ်၃ရက်အထိ နေ့စဉ်မွန်းလွဲ ၂နာရီမှ ၄နာရီအတွင်းလည်းကောင်း၊ အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း (၁/၂၀၀၅)ကို မတ်၇ရက်မှ ၁၇ရက်အထိ နေ့စဉ်မွန်းလွဲ ၁နာရီမှ ၄နာရီအတွင်း လည်းကောင်း သင်တန်းသား၊ သင်တန်းသူ ၅၀ဦးဖြင့် ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ် စာရင်းပေးသွင်း တက်ရောက်နိုင်သည်။

(က-ပ)






# ရွာမြေများစီမံခန့်ခွဲခွင့်အာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့် ဝန်ထမ်းများရွေးချယ်ခန့်ထားရာတွင် ဒေသခံများအား ဦးစားပေးရန် အကြံပြုတင်ပြ



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှက "စီမံခန့်ခွဲရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၏ "စီမံခန့်ခွဲရေးကဏ္ဍ"နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

ကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင် တို့က "အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းကို ထည့်သွင်းဖော်ပြသင့်သည့် အချက်များအား လျော်ကန်သင့်မြတ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

## ခွဲဝေပေးသင့်

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "လူဦးရေထူထပ်ပြီး စီမံခန့်ခွဲရေးကိစ္စများ များပြားသည့် မြို့မြေများနှင့် ပတ်သက်သည့် ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသလို ပြည်ထောင်စုဝင်နယ်မြေများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေနှင့်လည်း မိမိတို့နယ်မြေအတွင်းရှိ ပကတိအခြေအနေများကို သိရှိနိုင်သည့်အတွက် ရွာမြေများ စီမံခန့်ခွဲခွင့်အာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌမှ စုစည်းတင်ပြထားသော စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်ရမည့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်ရမည့်ကိစ္စရပ်များ သည် ကြောင်းကျိုးဆီလျော်ဆက်စပ်မှု ရှိသဖြင့်အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများအဖြစ် သတ်မှတ်သင့်ကြောင်း တင်ပြအကြံပြုအပ်ပါသည်"ဟုဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့်အချက် (၁၁)ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့်အချက်သုံးချက်တို့ကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါသည်"ဟုဆွေးနွေးတင်ပြသွားပါကြောင်း။

**စိုက်ပျိုးလယ်မြေများ ရှောင်ရှား**

**ရွာမြေ၊ မြို့မြေများ တိုးချဲ့ရာတွင် လက်ရှိစိုက်ပျိုးနေသည့် လယ်မြေများကို တတ်နိုင်သမျှ ရှောင်ရှားရမည်ဖြစ်ပြီး မတတ်သာသောအခြေအနေမှသိမ်းယူခြင်းပြုရာတွင် နစ်နာနေသော တောင်သူများအတွက် စဉ်းစားပေးနိုင်ရန် အကြံပြုတင်ပြ။**

## ကိုင်တွယ်ကျင့်သုံး

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က "စီမံခန့်ခွဲရေးကဏ္ဍတွင် အကျုံးဝင်သည့်အကြောင်းအရာများသည် အထွေထွေ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ၊ ရွာမြေ၊မြို့မြေ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာကိစ္စများ စသည့် အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းပေးသည့်ဥပဒေပြဋ္ဌာန်းချက်ဘောင်အတွင်းကသာလျှင် ကိုင်တွယ်ကျင့်သုံးကြရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍမှာပါရှိရမည့် ကိစ္စရပ်(၁၁)ရပ်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်ကြောင်းထောက်ခံတင်ပြ အပ်ပါသည်ဟူ၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်သုံးရပ်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်းထောက်ခံတင်ပြအပ်ပါကြောင်း"ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

## ရှောင်ရှား

ထို့အပြင်သီးခြားအကြံပြုချက်အနေဖြင့် "ရွာမြေ၊ မြို့မြေများတိုးချဲ့ရာတွင် လက်ရှိစိုက်ပျိုးနေသည့် လယ်မြေများကို တတ်နိုင်သမျှ ရှောင်ရှားရမည်ဖြစ်ပြီး မတတ်သာသောအခြေအနေမှ သိမ်းယူခြင်းပြုရာတွင် နစ်နာနေသော တောင်သူများအတွက် စဉ်းစားပေးနိုင်ရန် အကြံပြုတင်ပြအပ်ပါကြောင်း" အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် စီမံခန့်ခွဲ ရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့်အချက်(၁၁)ချက်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်ထည့်သွင်းဖော်ပြသင့်သည့် အချက်သုံးချက်တို့ကို အသေးစိတ် အခြေခံရမည့် မူများအဖြစ်ချမှတ်သင့်ပါကြောင်း" ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

## ထောက်ခံတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က "ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍမှာ ပါရှိမည့် ကိစ္စရပ်(၁၁)ရပ်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်းဟုလည်းကောင်း။

စီမံခန့်ခွဲရေးကဏ္ဍတွင် အကျုံးဝင်သည့် လုပ်ငန်းများ အနက်မှာ (၁)စည်ပင်သာယာရေး၊ (၂)မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊ (၃)ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရေးကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာလည်း ဆောင်ရွက်ကြရဦးမည် ဖြစ်ပါကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဥပဒေပြုရန်လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း" ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "စီမံခန့်ခွဲရေးကဏ္ဍတွင် ပတ်သက်အကျုံးဝင်သည့် အကြောင်းအရာများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စများ၊ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာကိစ္စများ၊ နိုင်ငံတော်လျှို့ဝှက်ချက်များ ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ အသင်းအဖွဲ့များဆိုင်ရာကိစ္စများ၊ အကျဉ်းထောင်ဆိုင်ရာကိစ္စများ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စများ၊ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်ဆိုင်ရာကိစ္စများ၊ စည်ပင်သာယာရေးဆိုင်ရာကိစ္စများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စများနှင့် မြို့ပြစီမံကိန်းဆိုင်ရာကိစ္စများပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စု ဥပဒေပြု စာရင်းတွင်ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍတွင်ပါရှိမည့်ကိစ္စရပ်(၁၁)ရပ်နှင့် စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်တွင် အကျုံးဝင်နေသည့် ကိစ္စရပ်သုံးရပ်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဥပဒေပြုရန် လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "စီမံခန့်ခွဲရေးကဏ္ဍနှင့်ပတ်သက်ပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ် အခြေခံရမည့်မူ(၁၁)ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူ သုံးချက်တို့ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းခဲ့သည်မှာ လျော်ကန်သင့်မြတ်မှုရှိသည့်အတွက် မိမိတို့အဖွဲ့အားလုံးက ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "အောက်ပါအချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လုပ်ကိုင်ခွင့်ရရှိရန်အတွက် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်း စဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း၊ ယင်းအချက်များမှာ-

၁။ အထွေထွေအုပ်ချုပ်ရေး၊
၂။ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး၊
၃။ အိမ်ငှား၊ မြေငှား၊
၄။ အသင်းအဖွဲ့များ၊
၅။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
၆။ သန်းခေါင်စာရင်း စသည်တို့ဖြစ်ကြပါကြောင်း။

## ဦးစားပေးရွေးချယ်

ထို့အပြင် စီမံခန့်ခွဲရေးကဏ္ဍတွင် ဝန်ထမ်းရွေးချယ်ခန့်ထားရေးနှင့်ပတ်သက်ပြီး တင်ပြအကြံပြုလိုပါကြောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာ၌ ပညာအရည်အချင်းတူညီပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများမှ ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားပေးရန်၊ ဒေသခံမရှိမှသာ တခြားဒေသက ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထားရန် ဟူ၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် ဝန်ထမ်းခန့်ထားရေးနှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသားများအား လုပ်ငန်းလိုအပ်ချက်အရ ရွေးချယ်ခန့်ထားခွင့် ရရှိရန်ဟူ၍လည်းကောင်း နိုင်ငံတော်မှ သင့်တော်သလို ချမှတ်ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း" အကြံပြုတင်ပြသွားကြောင်းဖြင့် ရှင်းလင်းတင်ပြသွားသည်။

## ဆက်လက်ဖော်ပြမည်

ဖေဖော်ဝါရီ ၂၄ရက်ထုတ် သတင်းစာများ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၏ "တရားစီရင်ရေးကဏ္ဍ"နှင့် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၃-၂-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၀** ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၃၀** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -ဘာသာဆောင်းပါး ဥပမာစကားများနှင့် မွေးစားစကားလုံးများ အကြောင်း(ဒုတိယနှစ်မြန်မာစာအထူးပြု)
- **၅:၃၅** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်မှာတိုးတွေ့မွှေးနေဆဲ" (အပိုင်း-၇)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" (အပိုင်း-၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# မြန်မာ–ဖိလစ်ပိုင် နှစ်နိုင်ငံ အစဉ်အလာ ချစ်ခင်ရင်းနှီးမှုကို ထိန်းသိမ်းမြှင့်တင် နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးမှုများအတွက် ကျေးဇူးတင်ရှိ

# မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ပင်မှုများကို ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လက်မခံ မြန်မာနိုင်ငံနှင့် အပြုသဘော ထိတွေ့ဆက်ဆံမှုလမ်းစဉ်ကို ဆက်လက်ကိုင်စွဲသွားမည်



ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါဂဲလ် အာရိုယို ဦးဆောင်သော အစိုးရအဖွဲ့ဝင်များ မလာကန်ညန်နန်းတော်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ထိုအချိန်တွင် ဧည့်သည်တော်ဝန်ကြီးချုပ်အား အမြောက်(၁၉)ချက် ပစ်ဖောက် ဂုဏ်ပြုပြီး နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ဖိလစ်ပိုင် သမ္မတ နိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက နိုင်ငံတော်ဝန်ကြီးချုပ်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဖိလစ်ပိုင်တပ်မတော်မှ အရာရှိကြီးများ၊ Executive Secretary Mr. Eduardo Ermita နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို သဘာပတိအဖွဲ့များက မိမိတို့၏ အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည်ဆွေးနွေးပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်များက သီးခြားတင်ပြကြသည့် အကြံပြုချက်များအနက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားရယူရေးနှင့် စပ်လျဉ်းပြီး သဘာပတိအဖွဲ့ဝင်များအား ရှင်းလင်းပြောကြားချက်များကို သဘာပတိအဖွဲ့များက မိမိတို့၏ အစုအဖွဲ့ကိုယ်စားလှယ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အစုအဖွဲ့များအတွက် သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ တစ်ရှိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပသည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒